# Yucho Tetsuzuki Appကို အသုံးပြု၍ အကောင့်ဖွင့်ခြင်းကို ငြင်းပယ်ရသောအဓိကအကြောင်းအရင်းများ (ခြုံငြုံသုံးသပ်ပြီးဆုံးဖြတ်ချိန်တွင်ပေးသော အကြောင်းအရင်း)

"လျှောက်ထားသည့် အချက်အလက်များကို ခြုံငြုံ၍ သုံးသပ်ပြီး အကောင့်ဖွင့်ခြင်းကို ငြင်းပယ်ပါသည်။"ဟု ဖော်ပြထားသော ” 【ယူးချောဘဏ်】 အကောင့်ဖွင့်လျှောက်ထားမှုရလဒ်အကြောင်းကြားစာ" အီးမေးလ်ကို လက်ခံရရှိပါက အဓိကအားဖြင့် အောက်ဖော်ပြပါ အကြောင်းအရင်းများကြောင့် အကောင့်ဖွင့်ခြင်းကို ငြင်းပယ်ရခြင်း ဖြစ်ပါသည်။

＊ခြုံငြုံသုံးသပ်ချက်အပေါ်အခြေခံပြီး အောက်ပါအကြောင်းအရင်းများအပြင် အခြားအကြောင်းများကြောင့်လည်း ငြင်းပယ်နိုင်ပါသည်။ တစ်ဦးချင်းစီ၏အကြောင်းပြချက်များကို မဖြေကြားနိုင်သည့်အတွက် နားလည်ပေးပါ။

＊ဘာသာစကားရွေးချယ်မှုနှင့် မဆိုင်ဘဲ စာရိုက်ထည့်နိုင်သည့် ဘာသာစကားသည် ဂျပန်ဘာသာသာတစ်မျိုးတည်းသာ ဖြစ်ပါသည်။

## 1 ယန်းသိန်း 20 ကျော်သော ငွေသား ငွေလွှဲ/ ငွေသွင်းငွေထုတ်ရန် အစီအစဉ်နှင့်ပတ်သက်ပြီး ငွေသားဖြင့် ငွေလွှဲ/ ငွေသွင်းငွေထုတ်ရန် အကြောင်းအရင်းကို လုံလောက်စွာ ထည့်သွင်းမထားသည့်အတွက်

| ဖြည့်စွက်ပုံ မှားယွင်းသည့် ဥပမာ | ဖြည့်စွက်ပုံ မှန်ကန်သည့် ဥပမာ |
|---|---|
| - □□ အတွက် ငွေပေးချေခြင်း<br>- ■■ အတွက် ငွေထည့်သွင်းခြင်း<br>- ငွေသား ပြန်လည်ထုတ်ယူရန်အတွက်<br>- ◇◇အတွက် ပေးပို့ခြင်း/ငွေလွှဲခြင်း (ပေးပို့ခြင်း/ငွေလွှဲခြင်းသည် ငွေသားဖြင့် လုပ်ဆောင်သည့်လုပ်ငန်းမဟုတ်သည့်အတွက်) | - □□ အတွက်ငွေပေးချေခြင်းဖြင့် △△ ၏အကြောင်းအရင်းကြောင့် ငွေသား ပြန်လည်ထုတ်ယူရန် လိုအပ်သည့်အတွက်<br>- ■■ အတွက် ငွေထည့်သွင်းခြင်း ▲▲ ၏အကြောင်းအရင်းကြောင့် ငွေသားဖြင့်လက်ခံရန် အစီအစဉ် ရှိသည့်အတွက် |

## 2 ယူးချောဘဏ် / စာတိုက်ရုံးတွင် အကောင့်ဖွင့်ခြင်း အကြောင်းအရင်း ထည့်သွင်းမှု မပြည့်စုံသည့်အတွက်
※ ဂျပန်တွင် နေရပ်လိပ်စာ မရှိသူများအတွက်သာ

| ဖြည့်စွက်ပုံ မှားယွင်းသည့် ဥပမာ | ဖြည့်စွက်ပုံ မှန်ကန်သည့် ဥပမာ |
|---|---|
| - အကောင့် လိုအပ်သည့်အတွက်<br>- ငွေပေးပို့ရန်အတွက် | - ◆◆ အကြောင်းအရင်းကြောင့် စာတိုက်ရုံးတွင် အကောင့်ဖွင့်ရန် လိုအပ်သည့်အတွက်<br>※ ◆◆ တွင် အခြားဘဏ်များမဟုတ်ဘဲ ယူးချောဘဏ် / စာတိုက်ရုံးကို ရွေးချယ်ထားရသည့် အကြောင်းအရင်းကို ထည့်သွင်းပါ။ |

## 3 ငွေကြေးအရင်းအမြစ် အသေးစိတ်သည် မပြည့်စုံသည့်အတွက်
※ ဂျပန်တွင် နေရပ်လိပ်စာ မရှိသူများအတွက်သာ

| ဖြည့်စွက်ပုံ မှားယွင်းသည့် ဥပမာ | ဖြည့်စွက်ပုံ မှန်ကန်သည့် ဥပမာ |
|---|---|
| - ငွေထည့်သွင်းခြင်း | - အချိန်ပိုင်းအလုပ်၏လစာ |

## 4 တစ်ခါထပ်ပိုပြီး အကောင့်ဖွင့်ရန် လျှောက်ထားသည့်အတွက်

## 5 တင်ပြထားသည့် အလုပ်အကိုင်၊ နှစ်ဝင်ငွေ၊ စီစဉ်ထားသည့် ငွေလွှဲပမာဏနှင့် ငွေကြေးအရင်းအမြစ် စသည့် အချက်အလက်များတွင် ကျိုးကြောင်းဆီလျော်မှု ကင်းမဲ့နေသည့်အတွက်